## အခွန်ဆိုင်ရာသိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များ

**ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ရှိကောက်ခံလျှက်ရှိသော အခွန်အမျိုးအစား(၅) မျိုးရှိပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်။

(ခ) ဝင်ငွေခွန်။

(ဂ) အထူးကုန်စည်ခွန်။

(ဃ) တံဆိပ်ခေါင်းခွန်။

(င) အောင်ဘာလေသိန်းဆုခွန် တို့ဖြစ်ပါသည်။

**ကုန်သွယ်လုပ်ငန်းခွန်**

၂။ မည်သူမဆို ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်စည် တင်ပို့ခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းများ လုပ်ကိုင်မည်ဆိုပါက ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပြီး၊ ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းအတွက် နှစ်စဉ်ပြဋ္ဌာန်းပေး လျက်ရှိသည့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုမှတစ်ပါး ကျန်ဝန်ဆောင်မှုဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရမည်ဖြစ်ပါသည်။ တင်ဒါရရှိသူများသည် ကင်းလွတ်ခွင့်ရသည့် ကုန်စည်အမျိုးအစားများမှအပ ကျန်ကုန်စည် များအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရပါမည်။

**ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်**

၃။ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်ထောင်စုအခွန်အကောက်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်းပေးလျှက်ရှိပါသည်။

**ပြေစာအမှတ်တံဆိပ်အသုံးပြုခြင်း**

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ညွှန်ကြားချက် ပြဋ္ဌာန်းချက်များအရ ပြေစာအမှတ်တံဆိပ်အသုံးပြုရမည့် ရွှေဆိုင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ပြေစာတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်စေခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပြေစာအမှတ်တံဆိပ်အသုံး ပြုသည့် ရွှေဆိုင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းတို့ အနေဖြင့် ပြေစာတွင် မိမိ၏ဆိုင်အမည်/ လုပ်ငန်းအမည်ပါသောပြေစာကို အသုံးပြုရန်ဖြစ်ပြီး ထိုအသုံး ပြုထားသောပြေစာပေါ်တွင် ကျသင့်အခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကို ကပ်နှိပ်ပေးရန် ဖြစ်ပါသည်။ ပြေစာပေါ် တွင် ကပ်နှိပ်ရမည့် ရာခိုင်နှုန်းအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ၅% နှင့် ရွှေဆိုင်များ အတွက် ပစ္စည်းတန်ဖိုးနှင့် အလျော့တွက်လက်ခပေါ်တွင် ၁% ကပ်နှိပ်ရပါသည်။

**ဒဏ်တပ်ရိုက်ခြင်း**

၅။ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိပါက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ နှင့်အညီ ဒဏ်တပ်ရိုက်အရေးယူသွားမည်ဖြစ်ပါသည်။ ဒဏ်တပ်ရိုက်ရာတွင်လည်း ပြေစာတွင် ဆိုင်အမည်၊ လိပ်စာ၊ လုပ်ငန်းမပါခြင်း၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်း မရှိပါက ၎င်းပြေစာတွင် ကျသင့်မည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ပထမအကြိမ်ပျက်ကွက်ပါ က ဒဏ်ငွေကျပ်(၂) သိန်း၊ ဒုတိယ အကြိမ်ပျက်ကွက်ပါက ကျပ်(၅)သိန်း၊ တတိယအကြိမ် ပျက်ကွက်ပါက ကျပ်(၁၀)သန်းနှင့် ဆက်လက် ပျက်ကွက်ပါက ပျက်ကွက်မှုတိုင်းအတွက် တစ်ကြိမ်နှင့် ကျပ်(၁၀)သိန်း ဒဏ်တပ်ရိုက်သွားမည်ဖြစ်ပါသည်။ ဥပဒေအရ သတင်းပေးတင်ပြသူအား ဒဏ်ငွေ၏(၁၀%)ကို ဆုကြေးအဖြစ် ပေးအပ်သွားမည်ဖြစ်ပြီး သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်း ပြုမည် မဟုတ်ပါ။

**ဝင်ငွေခွန်**

၆။ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ (သို့မဟုတ်) အခြားပစ္စည်းမှ မြတ်စွန်းငွေရရှိလျှင် ထိုဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်အားပေး ဆောင်ရန် တာဝန်ရှိပါသည်။ ဝင်ငွေခွန်ဥပဒေအရ အောက်ပါဝင်ငွေခေါင်းစဉ်အလိုက်

ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါနှုန်းဖြင့် အခွန်ကျသင့်မည်ဖြစ်ပါသည်-

(က) လစာ။ ။လစာဆိုသည်မှာ လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့် လုပ်ခအစား(သို့မဟုတ်) ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်။

(ခ) အသက်မွေးဝမ်းကြောင်းပညာလုပ်ငန်း။ ။မိမိကျွမ်းကျင်သည့်လုပ်ငန်းကို အခကြေးငွေယူ၍ မိမိကိုယ်တိုင်လုပ်ကိုင်ပေးသော လုပ်ငန်းအားလုံးမှ လစာမဟုတ်သော အခကြေးငွေ။

(ဂ) စီးပွားရေးလုပ်ငန်း။ ။ကုန်သွယ်မှု/ ကူးသန်းရောင်းဝယ်ရေး/ ကုန်ထုတ်လုပ်မှု/ ဝန်ဆောင်မှု/ ငွေချေး သက်သေခံလက်မှတ်များကို နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းသဖွယ် အဖန်တစ်လဲလဲ ဝယ်ယူ/လဲလှယ်/ လွှဲပြောင်းခြင်း နှင့် အတိုးရရန် ရင်းနှီး မြှုပ်နှံခြင်း။

(ဃ) ပစ္စည်းငှားရမ်းခြင်း။ ။မြေ/ မြေနှင့်အဆောက်အအုံ စသသည်တို့ကို ငှားရမ်းခြင်း/ထပ်ဆင့်ငှားရမ်းခြင်းမှ ရရှိသော ဝင်ငွေ။

(င) အခြားပစ္စည်းမှမြတ်စွန်းငွေ။ ။နှစ်တစ်နှစ်အတွင်း အခြားပစ္စည်း၊ မြေအဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယင်းနှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်း၊ အစုရှယ်ယာ နှင့်ကတိခံဝန်ချက်များ၊ ငွေချေးသက်သေခံလက်မှတ်များကို တစ်ခု(သို့မဟုတ်) တစ်ခု ထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်း ပြုလုပ်၍ မြတ်စွန်းငွေရရှိခြင်း။

(စ) စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ။ ။မိမိမည်ကဲ့သို့ရရှိခဲ့သည်ကို အတိအကျမဖြေရှင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်၊ ငွေတစ်ရပ်ရပ်၊ အစုရှယ်ယာနှင့် ကတိခံဝန်ချက်များ၊ ငွေချေးသက်သေခံလက်မှတ်များ အပါအဝင် တရားမဝင်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်း တို့နှင့်

လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူ သည့် ကိစ္စရပ်များနှင့်လည်းကောင်း မသက်ဆိုင်ပါ။

(ဆ) အခြားရလမ်းများမှဝင်ငွေ။ ။အထက်ပါခေါင်းစဉ်များတွင် မပါဝင်သောဝင်ငွေ။

**ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်**

၇။ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအား ပြည်ထောင်စု အခွန်အကောက် ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်းပေးလျှက်ရှိပါသည်။

**အထူးကုန်စည်ခွန်**

၈။ မည်သူမဆို အထူးကုန်စည်ခွန်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း ဆောင်ရွက်လျှင် ပြည်ထောင်စု အခွန်အကောက် ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည့်အတိုင်း အထူးကုန်စည်ခွန်ကျသင့်မည်ဖြစ်ပါသည်။ အထူးကုန်စည်ခွန်ကို ၂၀၁၇ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အထူးကုန်စည် (၁၇)မျိုးအား အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(က) စီးကရက်အမျိုးမျိုး။

(ခ) ဆေးရွက်ကြီး။

(ဂ) ဗဂျီးနီးယားပေါင်းတင်ဆေး။

(ဃ) ဆေးပေါ့လိပ်။

(င) ဆေးပြင်းလိပ်။

(စ) ဆေးတံသောက်ဆေးများ။

(ဆ) ကွမ်းစားဆေးအမျိုးမျိုး။

(ဇ) အရက်အမျိုးမျိုး။

(ဈ) ဘီယာအမျိုးမျိုး။

(ည) ဝိုင်အမျိုးမျိုး။

(ဋ) သစ်လုံး၊ သစ်ခွဲသားများ။

(ဌ) ကျောက်စိမ်းအရိုင်းထည်များ။

(ဍ) ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန်ကျောက်မျက်ရတနအရိုင်းထည်များ။

(ဎ) ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာအချောထည်များ။

(ဏ) Double Cab 4 Door Pick up မှတစ်ပါး (၁၅၀၀ CC နှင့် အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်းကားများ၊ ကူပေး(Coupe) ကားများ။

(တ) ရေနံဆီ၊ ဓါတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။

(ထ) သဘာဝဓါတ်ငွေ့။

## တံဆိပ်ခေါင်းခွန်

၉။ တံဆိပ်ခေါင်ခွန် ထမ်းဆောင်ရမည့်အချိန်သည် မြန်မာနိုင်ငံအတွင်း တံဆိပ်ခေါင်းခွန် ထိုက် သင့်သော စာချုပ်စာတမ်းတစ်ခုခုကို ချုပ်ဆိုသူ မည်သူမဆို စာချုပ်မချုပ်ဆိုမီ (သို့မဟုတ်) စာချုပ်ချုပ်ဆိုချိန်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဟု မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်အက်ဥပဒေပုဒ်မ ၁၇ တွင် ပြဋ္ဌာန်းထားပါသည်။ ကပ်နှိပ်လိုသည့် စာချုပ် စာတမ်း/ စာမှတ်စာတမ်းများ တင်ပြရန် ထိုက်သင့်သည့် ရုံးခွန်/ တံဆိပ်ခေါင်းခွန်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများနှင့် ဗဟိုအရောင်းကောင်တာများတွင် ဥပဒေ/နည်းဥပဒေများနှင့်အညီ လွတ်လပ်စွာ ဝယ်ယူ ကပ်နှိပ်နိုင်ပါသည်။

## အောင်ဘာလေသိန်းဆုခွန်

၁၀။ အောင်ဘာလေသိန်းဆုခွန်ကောက်ခံခြင်းသည် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း၍ ဆောင်ရွက် သည့်လုပ်ငန်းမဟုတ်ပါ။ ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတော်၏အကျိုးငှာ စီးပွားရေးဆန်ဆန် ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါသည်။ ယခုအခါ လွှတ်တော်တွင် အောင်ဘာလေသိန်းထီ ဥပဒေပြဋ္ဌာန်း နိုင်ရေးအတွက် စီစည်ဆောင်ရွက်လျှက်ရှိပါသည်။

ထီလက်မှတ်ရောင်းရငွေ၏ ၄၀% အား အခွန်နှင့် ၆၀% အား ဆုငွေအဖြစ် ခွဲဝေပေးပါသည်။ အောင်ဘာလေသိန်းထီရောင်းချလိုလျှင် ထီစာအုပ်(၁)အုပ် လျှင် အာမခံငွေ Deposit ကျပ်(၁၀၀)နှုန်းဖြင့် (၃)လစာအတွက် ပေးသွင်းရမည်ဖြစ်ပြီး အတည်ပြုချက်ရပါက ပဋိညာဉ်စာချုပ်ချုပ်ဆိုရမည်ဖြစ်ပါသည်။

**လေလံတင်ဒါများအတွက် အခွန်ကျသင့်မှုများ**

၁၁။ လေလံတင်ဒါရရှိသူများအနေဖြင့် အောက်ဖော်ပြပါ ဌာနဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရပါသည်-

(က) တံဆိပ်ခေါင်းခွန်

လေလံရရှိသူများအနေဖြင့် သဘောတူစာချုပ်ချုပ်ဆိုရာတွင် တန်ဖိုး၏ ၁% (အများဆုံး ၁၅၀၀၀ဝိ/- ထက် မပိုစေရပါ)ကို လေလံရရှိသူကပေးဆောင် ရပါမည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် Withholding Tax တွက်ချက်ခြင်း

တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပစ္စည်းလာရောက်ပေးသွင်း သည့် ကုမ္ပဏီလုပ်ငန်းများအား ငွေပေးချေရာတွင် ကုန်သွယ်လုပ်ငန်းခွန် ၅% နှင့် With-holding Tax ၂% ကို အောက်ပါနမူနာတွက်ချက်နည်း အတိုင်း တွက်ချက်ရန် ဖြစ်ပါ သည်။

| | | |
|---|---|---|
| ဌာနကုမ္ပဏီ၊ လုပ်ငန်းသို့ပေးချေငွေ | = | ၅၀,၀၀,၀၀ဝိ/- |
| ကုန်သွယ်လုပ်ငန်းခွန် ၅% (၅၀,၀၀,၀၀ဝိ/x ၅/၁၀၅) | = | ၁၃,၈၀,၉၅ဝိ/- |
| Withholding Tax(၅၀,၀၀,၀၀ဝိ/x၂%) | = | ၁၀၀,၀၀ဝိ/- |

(ဂ) အစိုးရအဖွဲ့အစည်းများသည် ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်ရောင်းချသူ ဖြစ်ပါက ဝန်ဆောင်မှုရယူသူ၊ ကုန်စည်ရယူသူထံမှ ကျသင့်ကုန်သွယ်လုပ်ငန်း ခွန်ကို တစ်ပါတည်း ကောက်ခံပေးသွင်းရမည်။

(ဃ) လေလံတင်ဒါရရှိသူများသည် ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် လေလံတင်ဒါ တန်ဖိုးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅% နှင့် WT ၂% ကို လေလံတင်ဒါ ရရှိသူအမည်ဖြင့် အခွန်ပေးဆောင်ရပါမည်။

**စိစစ်ခြင်းနှင့်စည်းကြပ်ခြင်း**

၁၂။ အခွန်ဆိုင်ရာစည်းကြပ်မှုဆောင်ရွက်ရာတွင် လိုအပ်သော သတ်မှတ်ချက်များ

(က) ပုဂ္ဂလိကလုပ်ငန်းများအားစည်းကြပ်ခြင်း

(၁) မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ

(၂) ဝင်ငွေကြေညာလွှာ

(၃) လုပ်ငန်းအလိုက်သက်ဆိုင်ရာလိုင်စင်

(၄) သက်ဆိုင်ရာကုန်ဆုံးသော ဘဏ္ဍာရေးနှစ်၏ အရှုံး/အမြတ်ရှင်းတမ်း

(၅) အခြားတင်ပြလိုသော စာရွက်စာတမ်းများ (ကြို့တင်ခွန်ချလံ၊ ငွေပေးသွင်းခဲ့သည့် အထောက်အထား၊ အငှားစာချုပ်)

(ခ) ကုမ္ပဏီများအား စည်းကြပ်ခြင်း

(၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(၂) သင်းဖွဲ့စည်းမျဉ်းမှတ်တမ်း

(၃) Form VI၊ Form XXVI

(၄) သက်ဆိုင်ရာကုန်ဆုံးသော ဘဏ္ဍာရေးနှစ်၏ အရှုံး/အမြတ်ရှင်းတမ်း

(၅) လုပ်ငန်းစာချုပ်များ

(၆) အခြားတင်ပြလိုသော စာရွက်စာတမ်းများ (ID/ED Form၊ MIC ကင်းလွတ်ခွင့်)

(ဂ) အခြေခံသမဝါယမနှင့် အခြေခံသမဝါယမအသင်းမှ အပဖြစ်သော သမဝါ ယမအသင်းများ အားစည်းကြပ်ခြင်း

(၁) ယင်းအသင်းများ၏ သက်ဆိုင်ရာကုန်ဆုံးသော ဘဏ္ဍာရေးနှစ်၏ အရှုံး/အမြတ် ရှင်းတမ်း

(၂) အစည်းအဝေးမှတ်တမ်းများ

(၃) မတည်ရင်းနှီးငွေနှင့်ချေးငွေများ

(၄) အငှားစာချုပ်စာတမ်းများ

အခွန်ထမ်းသည် အဆိုပါအချက်(၄) ချက်ပြုလုပ်လိုပါက ယူဆောင်လာရမည့် စာရွက်၊ စာတမ်း များ ပြည့်စုံလျှင် ရက်သတ္တပတ်(၁)ပတ်အတွင်း စည်းကြပ်မှုပြီးစီးမည်ဖြစ်ပါသည်။ စည်းကြပ်မှုပြီးစီး၍ မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးသွင်းပြီးမှသာ သက်ဆိုင်ရာဌာနသို့ တင်ပြရမည့် အခွန်ကင်းရှင်း ကြောင်း ထောက်ခံချက်များထုတ်ပေးမည်ဖြစ်ပါသည်။

၁၃။ လယ်ယာမြေမှအပဖြစ်သော ကျန်မြေနှင့်အဆောက်အအုံများ ကာလတန်ဖိုးစိစစ် သတ်မှတ်ခြင်း

(က) မြေနှင့်အဆောက်အအုံဝယ်ယူခြင်း

(၁) အရောင်းအဝယ်ပြုလုပ်သည့် မြေစာရင်းပုံစံ(၁၀၅)

(၂) ဂရန်မရရှိသေးသည့် ခွင့်ပြုချထားမြေဖြစ်ပါက သက်ဆိုင်ရာမြေယာ ကော်မတီ သို့ပေးသွင်းသည့် မြေယာဖော်ထုတ်စရိတ်နှင့်မြေယာ စီမံခန့်ခွဲမှုစရိတ် ပေးသွင်းသည့် ငွေသွင်းချလံမူရင်းနှင့် မိတ္တူ

(၃) အရောင်းအဝယ်ပြုလုပ်သည့် ကတိစာချုပ်

(၄) ရောင်းသူ/ဝယ်သူများ၏ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ

(၅) ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်လျှင် ကိုယ်စားလှယ်လွှဲစာ

(၆) ဝယ်ယူသည့်မြေနှင့်အဆောက်အအုံဓါတ်ပုံ

(ခ) မြေနှင့်အဆောက်အအုံအား မေတ္တာဖြင့် ပေးကမ်းခြင်း

(၁) မေတ္တာဖြင့်ပေးကမ်းမည့် မြေ၏ မြေစာရင်းပုံစံ(၁၀၅)

(၂) ပေးကမ်းသူနှင့် လက်ခံသူ၏ (သို့မဟုတ်) ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/ မိတ္တူနှင့်အိမ်ထောင်စု ဇယားပုံစံ ၆၆/၆ မူရင်း/ မိတ္တူ

(၃) ပေးကမ်းသူ၏ အမွေဆက်ခံသူများရှိပါက ပေးကမ်းမှုကို သိရှိပါကြောင်း နှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို စွန့်လွှတ်ကြောင်းကျမ်းကျိန်လွှာ

(၄) မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်

(၅) မြေငှားစာချုပ်(ဂရန်) မိတ္တူ

(၆) ပေးကမ်းသည့်မြေ+အိမ်ဓါတ်ပုံ

(ဂ) မြေနှင့်အဆောက်အအုံအား အမွေဆက်ခံခြင်း

(၁) အမွေဆက်ခံသည့် မြေစာရင်းပုံစံ(၁၀၅)

(၂) အမွေဆက်ခံသည့် မြေကွက် + အိမ်ဓါတ်ပုံ

(၃) တရားရုံးကထုတ်ပေးသော အမွေဆက်ခံပိုင်ခွင့် သက်သေခံလက်မှတ် (သို့) ကျမ်းကျိန်လွှာ

(၄) အမွေဆက်ခံပိုင်ခွင့်ရှိသူများက ၎င်းမြေအား စွန့်လွှတ်ကြောင်း တရားရုံးတွင် လက်မှတ်ထိုးသည့် အမိန့်စာ

(၅) အမွေဆက်ခံသည့်သူနှင့် မိဘတို့ပါဝင်သည့် သန်းခေါင်စာရင်း၏

(၆) မှတ်ပုံတင်မူရင်း/မိတ္တူများ

(၇) မိဘနှင့်သားသမီး(သို့) ဆွေမျိုးတော်စပ်ကြောင်းရပ်ကွက် ထောက်ခံချက်

(ဃ) အဆောက်အအုံတည်ဆောက်ခြင်း

(၁) အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်

(၂) အဆောက်အအုံ၏ Drawing နှင့် Estimate

(၃) စည်ပင်သို့ငွေသွင်းချလံ

(၄) မြေစာရင်းပုံစံ(၁၀၅)

(၅) အိမ်ထောင်စုဇယား၊ မှတ်ပုံတင်မိတ္တူ

အခွန်ထမ်းသည်အဆိုပါအချက်(၄)ချက်ကို ပြုလုပ်လိုပါက လိုအပ်သည့် စာရွက်စာတမ်းပြည့်စုံပါလျှင် ရက်သတ္တပတ်(၂)ပတ်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကာလတန်ဖိုးစိစစ်သတ်မှတ်ပြီး စာချုပ်ချုပ်ဆိုရန် တံဆိပ်ခေါင်းများ၊ ဝင်ငွေခွန်ပေးသွင်းရန် ချလံများ ထုတ်ပေးမည်ဖြစ်ပါသည်။

၁၄။ မော်တော်ယာဉ်၊ မောင်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ရေယာဉ်များအတွက် အမည်ပြောင်းဆောင်ရွက်ခြင်း

(က) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ အမည်ပြောင်း ဆောင်ရွက်ခြင်း

(၁) Owner book မူရင်း/မိတ္တူ

(၂) ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်

(၃) အမည်ပြောင်းဆောင်ရွက်မည့်သူ၏ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း မိတ္တူ

(၄) ကိုယ်စားလှယ်လာရောက်ပါက ကိုယ်စာလှယ်လွှဲစာမူရင်း

(၅) ယာဉ်၏(ရှေ့/ဘေး/နောက်)

(၆) အရောင်းအဝယ် စာချုပ်မိတ္တူ

(ခ) ရေယာဉ်အမည်ပြောင်းဆောင်ရွက်ခြင်း

(၁) ရေယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်

(၂) ရေယာဉ်လိုင်စင်(သို့မဟုတ်) ရေကြောင်းဦးစီးဌာန၏ ထောက်ခံချက်

(၃) အရောင်းအဝယ် စာချုပ်မိတ္တူ

(၄) ရေယာဉ်ဓါတ်ပုံ(၃)ပုံ(ရှေ့/ဘေး/နောက်)

(၅) အမည်ပြောင်းဆောင်ရွက်မည့်သူ၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား မိတ္တူ

(၆) ကိုယ်စားလာရောက်ပါက ကိုယ်စားလှယ်လွှဲစာမူရင်း။

အခွန်ထမ်းသည် အဆိုပါအချက်(၂)ချက်ကို ပြုလုပ်လိုပါက လိုအပ်သည့် စာရွက်စာတမ်းများပြည့်စုံလျှင်(၁) ရက်အတွင်းအပြီး ဆောင်ရွက်၍ သက်ဆိုင်ရာ ပုံစံများ ထုတ်ပေးပါသည်။

**ကြီးကြပ်ခြင်း**

၁၅။ အောက်ပါအတိုင်းကြီးကြပ်ဆောင်ရွက်သွားပါမည်-

(က) ဌာနဆိုင်ရာများမှ သတင်းစာရင်းရယူ၍ အခွန်ကင်းလွတ်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားမည်။

(ခ) စည်းကြပ်မှုပြုလုပ်ပြီး၍ အခွန်ပေးသွင်းခြင်းမပြုသော အခွန်ထမ်းများအား အခွန်အရ ကောက်ခံမှုဖွင့်လှစ်ဆောင်ရွက်ရပါမည်။

(ဂ) အခွင့်အရေးလိုင်စင်ထုတ်ပေးသော လိုင်စင်သက်တမ်းတိုးခြင်း၊ လေလံခေါ်ယူခြင်းပြု လုပ်ခွင့်ပေးမည်ဆိုပါက အခွန်ပိုမိုရရှိနိုင်ရေး ပူးပေါင်ဆောင်ရွက် ပေးရန် မေတ္တာဖြင့် ညှိနှိုင်းဆောင်ရွက်သွားပါမည်။